

တရုတ်ယဉ်ကျေးမှုခရီးစဉ်

# စက္ကူညှပ်အနုပညာဖြင့် တရုတ်-မြန်မာချစ်ကြည်ရေး လက်ဆင့်ကမ်း

"ကောက်ကြောင်း အတိုက ပြသာဒ်ထိပ်ဖျား၊ ကောက်ကြောင်း အရှည်က ပြသာဒ်ကိုယ်ထည်၊ ပြီးတော့ ဒေါင်းက ခေါင်းထွက်လာပါစေ" ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ ဆရာအတတ်သင် အဆင့်မြင့် ကောလိပ်ကျောင်း၏ တိုင်(ရှမ်း) တိုင်းရင်းသား စက္ကူညှပ်လက်ဆင့် ကမ်းသင်ယူရေးပြတိုက်သို့ ရောက်ရှိလာချိန်တွင် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် တိုင်(ရှမ်း)တိုင်းရင်းသား စက္ကူညှပ်ကိုယ်စားပြု အမွေဆက်ခံသူ ဖန်ယုံက ကျောင်းသားများအား စက္ကူညှပ်ခြင်းကို လက်ထပ်သင်ကြား ပေးနေသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံ စသည့်နိုင်ငံများမှ လာရောက်ကြသည့် ပညာတော်သင် ကျောင်းသားများက စက္ကူခေါက်ခြင်း၊ ကောက်ကြောင်းဆွဲခြင်း၊ စက္ကူညှပ်ခြင်းများကို သေချာစွာ သင်ယူနေကြပါသည်။

တိုင်(ရှမ်း)တိုင်းရင်းသား စက္ကူညှပ်ပညာသည် တယ်ဟုန်ဒေသတွင်း တိုင်(ရှမ်း)တိုင်းရင်းသားများ ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းလာသည့် ရိုးရာလက်မှုအနုပညာတစ်မျိုးဖြစ်ပါသည်။ တိုင်(ရှမ်း)တိုင်းရင်းသားများ၏ သမိုင်း၊ ယဉ်ကျေးမှု၊ အလှတရား ခံစားမှုများအပေါ် လိုက်စားမှုများကို အသေးစိတ် ပေါ်လွင်စေပြီး နက်ရှိုင်းသော ဒေသအငွေ့အသက်နှင့် တိုင်းရင်းသား အငွေ့အသက်များ ပါဝင်နေပါသည်။

"အရင်တုန်းက စက္ကူညှပ်တာကို မထိတွေ့ခဲ့ဖူးဘူး။ ရိုးရိုးစက္ကူတစ်ချပ်က 'ချပ်'ဆိုတဲ့အသံတွေကြားမှာ လှပတဲ့'ဒေါင်း'အဖြစ် ပြောင်းသွားတာကို တွေ့ရတော့ စက္ကူညှပ်ခြင်းရဲ့ ညို့အားကို ကျွန်မ ချက်ချင်းပဲ ခံစားလိုက်ရပါတယ်။" မြန်မာပညာတော်သင်ကျောင်းသူ နန်းအေးမြတ်ဖူးသည် ယခင်တည်းကပင် စက္ကူညှပ်ခြင်းအပေါ် စိတ်ပါဝင်စားမှုများ ရှိနေခဲ့ပါသည်။ ဆရာဖန်၏ သင်ကြားပေးမှုကြောင့် သူမသည် ချစ်စဖွယ်ကောင်းသော ယုန်နှင့် လှပသော ပန်းများကို ညှပ်နိုင်ခဲ့ပါသည်။ လက်ရာတစ်ခုပြီးဆုံးတိုင်း သူမသည် စိတ်လှုပ်ရှားစွာဖြင့် ဓာတ်ပုံရိုက်၍ မြန်မာနိုင်ငံမှ မိသားစုများကို မျှဝေပြောပြတတ်ပါသည်။ "ကျွန်မသင်ယူတဲ့ မေဂျာက မူလတန်းသင်ကြားရေးဖြစ်ပါတယ်။ မြန်မာနိုင်ငံပြန်သွားပြီး ဆရာမတစ်ယောက်အဖြစ်နဲ့ ကျွန်မရဲ့ ကျောင်းသူကျောင်းသားတွေကို ပညာတော်သင်ခဲ့စဉ်က တွေ့မြင့်ခဲ့ရတဲ့ တရုတ်ယဉ်ကျေးမှု အလှတွေကို ပြန်လည်မျှဝေနိုင်ဖို့ မျှော်လင့်ပါတယ်"ဟု နန်းအေးမြတ်ဖူးက အနာဂတ်အတွက် မျှော်မှန်းချက်ကို ပြောပြပါသည်။

စက္ကူညှပ်သင်ခန်းစာ အစပိုင်းတွင် ဖန်ယုံသည် တရုတ်-မြန်မာနှစ်နိုင်ငံမှ နီးစပ်သည့် သစ်ပင်ပန်းမန်၊ တိရစ္ဆာန်၊ အဆောက်အအုံ စသည့် အရာဝတ္ထုများကို ရွေးချယ်၍ သင်ကြားပေးပါသည်။ ကျောင်းသားများကို စက္ကူညှပ်ခြင်းဖြင့် ပုံပြင်များကို မည်သို့ပြောပြရမည်ကိုလည်း သင်ကြားပေးပါသည်။ "စာသင်ချိန်မှာ ကျွန်တော်က စက္ကူညှပ်ကာတွန်းတွေလည်း ပြတတ်ပါသေးတယ်။ တိုင်(ရှမ်း)တိုင်းရင်းသားယဉ်ကျေးမှုကို ပြသပြီး ပညာတော်သင်ကျောင်းသားတွေကို စက္ကူညှပ်အနုပညာနောက်ကွယ်က အဓိပ္ပာယ်တွေကို နားလည်လာစေပါတယ်"

မြန်မာပညာတော်သင်ကျောင်းသား အားမာန်ဦးက စက္ကူညှပ်လက်ဆင့်ကမ်းသင်ယူရေးပြတိုက်ထဲတွင် ပြသထားသည့် စက္ကူညှပ်လက်ရာများထဲ၌ ညောင်ပင်၊ ဆင်၊ ဘုရားပုထိုး စသည့် အကြောင်းအရာများသည် မိမိကို လွန်စွာရင်းနှီးကျွမ်းဝင်စေကြောင်း ပြောပြပါသည်။ တရုတ်နိုင်ငံသို့ လာရောက်၍ ပညာတော်သင်ယူသည်မှာ နှစ်ဝက်ရှိပြီဖြစ်သည့် သူသည် တရုတ်စာလုံးရေးနည်းနှင့် တိုင်းရင်းသား ဝတ်စုံများကိုလည်း ကြိုက်နှစ်သက်လာခဲ့ပါသည်။ "အတန်းဖော်တွေနဲ့ အတူ ပညာသင်ယူ၊ အတူ နေထိုင်ရတော့ ကျွန်တော်တို့ရဲ့ နှလုံးသားတွေ ပိုပြီးတော့ နီးစပ်လာပါတယ်"

စက္ကူညှပ်ခြင်းသည် လွန်စွာ နူးညံ့ပါသည်။ ကောက်ကြောင်းများကြားတွင် ထောင်သောင်းချီသော တရုတ်နိုင်ငံ၏ ရှုမျှော်ခင်းများကို ပုံဖော်ထားပါသည်။ စက္ကူညှပ်ခြင်းသည် လွန်စွာမှ ခိုင်ခံ့ပါသည်။ ထောင်ချီကာ ဖြတ်တောက်သော်လည်း မပြတ်ဘဲ ကောက်ကြောင်းများဖြင့် ဆက်နွယ်၍ တရုတ်-မြန်မာချစ်ကြည်ရေး၏ ပေါင်းကူးတံတားကို တည်ဆောက်ထားပါသည်။

ယန်နုန့်ဟယ်သည် မြန်မာနိုင်ငံ မူဆယ်မြို့မှ ဖြစ်ပြီး တယ်ဟုန်ပြည်နယ်ခွဲ ရွှေလီမြို့တွင် ပညာသင်ယူနေသည်မှာ နှစ်များစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ သူသည် တိုင်(ရှမ်း)တိုင်းရင်းသားတို့၏ ဒေါင်းအကကို လွန်စွာမှ နှစ်သက်ပြီး တစ်ချိန်တည်းတွင် တိုင်(ရှမ်း)တိုင်းရင်းသား စက္ကူညှပ်ခြင်းကိုလည်း လွန်စွာမှ နှစ်ခြိုက်ခဲ့ပါသည်။ ၎င်းက- "တိုင်(ရှမ်း)တိုင်းရင်းသား စက္ကူညှပ်ခြင်းက ဒြပ်မဲ့အမွေအနှစ်ပညာတစ်ခုအဖြစ် ကတ်ကြေးကို သေချာသုံးပြီး ညှပ်တာကနေ မတူညီတဲ့ သာယာလှပတဲ့ ကမ္ဘာကြီးနဲ့ တိုင်းရင်းသားယဉ်ကျေးမှုတွေကို ညှပ်ပေးနိုင်ပါတယ်"၊ "စက္ကူညှပ်ခြင်းက စိတ်ကို တည်ငြိမ်လာစေခြင်း၊ အေးချမ်းလာစေခြင်းအပြင် အလှအပခံစားမှုကိုလည်း တိုးမြှင့်လာစေနိုင်ပါတယ်"ဟု ဆိုပါသည်။ ယန်နုန့်ဟယ်က မိမိသည် မြန်မာ-တရုတ်နှစ်နိုင်ငံ ယဉ်ကျေးမှု ဆွေးနွေးဖလှယ်ခြင်း၏ တမန်တော်တစ်ဦးအဖြစ် ကောင်းမွန်စွာ ဆောင်ရွက်၍ မြန်မာ-တရုတ် နှစ်နိုင်ငံ ပေါက်ဖော်ချစ်ကြည်ရေး တိုးမြှင့်လာစေနိုင်ရန်အတွက် ခွန်အားတစ်ရပ်ဖြစ်လာနိုင်စေရန် မျှော်လင့်နေပါသည်။

ယူနန်နေ့စဉ်သတင်းစာ၊
ကွမ်မင်းသတင်းကွန်ရက်၊
တယ်ဟုန်ပြည်နယ်ခွဲမီဒီယာစင်တာ။





**ဆက်စပ်ဖတ်ရှုရန်။ ။**

တိုင်(ရှမ်း)တိုင်းရင်းသား စက္ကူညှပ်ခြင်းသည် လွန်ခဲ့သောနှစ်ပေါင်း၁၅၀၀ က အစောဆုံးပေါ်ထွန်းလာခဲ့ပါသည်။ လက်ရှိတွင် တိုင်(ရှမ်း)တိုင်းရင်းသား စက္ကူညှပ်ခြင်းသည် အိမ်တွင်းအဆင်အယင်၊ ခရီးသွားအမှတ်တရပစ္စည်းများအဖြစ် တစ်သားတည်းကျသည့် ယနေ့ခေတ် စက္ကူညှပ်ခြင်းပညာဖြစ်လာခဲ့ပြီး ချည်ထည်၊ အလူမီနီယံပြားနှင့် သတ္တုများလည်း ရှိလာခဲ့သဖြင့် ရှေးကျသော ယဉ်ကျေးမှုနောက်ခံရှိသည့်အပြင် တစ်မူထူးခြားသစ်လွင်သော အရပ်ဘက်စက္ကူညှပ်အနုပညာပုံစံအဖြစ်လည်း တဖြည်းဖြည်းချင်း ပုံပေါ်လာပါသည်။

၂၀၀၆ ခုနှစ်တွင် တယ်ဟုန်ပြည်နယ်ခွဲ "မန်စီတိုင်(ရှမ်း)တိုင်းရင်းသားစက္ကူညှပ်ခြင်း"သည် တရုတ်နိုင်ငံ နိုင်ငံတော်အဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းကာကွယ်ရေးစာရင်းသို့ ထည့်သွင်းခံခဲ့ရပါသည်။ ၂၀၀၉ ခုနှစ် သြဂုတ်လတွင် "မန်စီတိုင်(ရှမ်း)တိုင်းရင်းသားစက္ကူညှပ်ခြင်း"သည် "တရုတ်စက္ကူညှပ်ခြင်း"၏ နောက်ဆက်တွဲစီမံချက်အဖြစ် ယူနက်စကို၏ "လူသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကိုယ်စားပြုစာရင်း"တွင် ရွေးချယ်ခံခဲ့ရပါသည်။

ယူနန်နေ့စဉ်သတင်းစာ